# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၅၃ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက် )

## စီမံကိန်းနှင့် မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်၏စီးပွားရေးမူဝါဒများကို ဆောင်ရွက်ရာတွင် ငွေရေးကြေးရေးကဏ္ဍမှ အဓိက ပါဝင်လျက်ရှိရာ ပြည်သူများ၏အပ်နှံစုဆောင်းငွေများဖြင့် နှစ်တို၊ နှစ်လတ် ကူးသန်းရောင်းဝယ်ရေး ချေးငွေ (Commercial) နှင့် MSME ချေးငွေများအပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည် ရင်းနှီးမြှုပ်နှံရသော စီမံကိန်းနှင့်မူဝါဒဆိုင်ရာလုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသဖြင့် ကျပ်သန်း (၁၅၀၀) အထက် သတ်မှတ်ထုတ်ချေးရာတွင် စိစစ်နိုင်ရန် **“စီမံကိန်းနှင့်မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ စီမံကိန်းနှင့်မူဝါဒဆိုင်ရာချေးငွေစိစစ်ရေးအဖွဲ့ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီတို့၏ စီမံကိန်းနှင့်မူဝါဒဆိုင်ရာ ချေးငွေလျှောက်ထား လာမှုများအပေါ် နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ စီးပွားရေးမူဝါဒနှင့် ကိုက်ညီသော ချေးငွေ လျှောက်ထားလာမှုများကို စိစစ်ခွင့်ပြုခြင်း၊ မကိုက်ညီပါက ငြင်းပယ်ခြင်း၊

(ခ) ချေးငွေထုတ်ချေးခြင်းနှင့် သက်ဆိုင်သော ပြည်ထောင်စုဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးများကို လိုအပ်ပါက စီးပွားရေးလုပ်ငန်းများအား ချေးငွေထုတ်ချေးရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်၊

(ဂ) ခွင့်ပြုချေးငွေ သက်တမ်းကာလ (နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်) သတ်မှတ်ပေးခြင်း၊

(ဃ) ချေးငွေရယူမည့်လုပ်ငန်းအမျိုးအစား၊ စီမံကိန်းပေါ်မူတည်၍ ချေးငွေအတိုးနှုန်း သတ်မှတ်ပေးခြင်း၊

(င) ဘဏ်ချေးငွေတစ်ရပ်အတွက် လက်ရှိရယူနေသော မြေ၊ အဆောက်အဦ စသည့် အာမခံပစ္စည်းများအပြင် လိုအပ်ပါက အခြားသော အာမခံပစ္စည်းအမျိုးအစား (စက်ပစ္စည်း)ကို တိုးချဲ့သတ်မှတ်ခွင့်ပြုခြင်း၊

(စ) ချေးငွေထုတ်ချေးခွင့်ပြုပြီးနောက် လုပ်ငန်းရှင်မှ ရင်းနှီးရန်မလုံလောက်၍ ချေးငွေ ပမာဏတိုးမြှင့်ပေးရန် ထပ်မံလျှောက်ထားလာသောကိစ္စများအပေါ် စိစစ်ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း၊

(ဆ) ချေးငွေအရင်းအတိုးပေးဆပ်မှုအပေါ် စောင့်ကြည့်ကြပ်မတ်ခြင်း၊

(ဇ) အာမခံပစ္စည်းများ တည်မြဲနေခြင်း ရှိ-မရှိ စီးပွားရေးလုပ်ငန်းများအခြေအနေ တိုးတက်မှု ရှိ - မရှိ တို့ကို အကဲဖြတ်အဖွဲ့များ Evaluation Teams ဖွဲ့စည်း စစ်ဆေးမှုပြုလုပ်ခြင်း၊

(ဈ) ခွင့်ပြုပြီးသောချေးငွေတစ်ရပ်သည် ပေးဆပ်ရန်သက်တမ်းမစေ့ရောက်သေးသော်လည်း လုပ်ငန်းရှင်၏ ချို့ယွင်းအားနည်းချက် တစ်စုံတစ်ရာကြောင့် ချေးငွေပြန်လည် ပေးဆပ်မှုအပေါ် ထိခိုက်နိုင်သော အထောက်အထားအခိုင်အလုံရရှိပါက ယင်းချေးငွေအား သက်တမ်းမစေ့ရောက်မီ ပြန်လည်ပေးဆပ်စေခြင်း (သို့မဟုတ်) မူလခွင့်ပြုချေးငွေပမာဏကို ပြင်ဆင်လျှော့ချသတ်မှတ်ခြင်း၊

(ည) သတ်မှတ်ကာလအတွင်း အရင်း၊ အတိုး၊ ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေများ နှင့်ပတ်သက်၍ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားစွဲဆိုခြင်း၊ လိုအပ်ပါက အာမခံပစ္စည်းများကိုချိတ်ပိတ်ခြင်း၊ သိမ်းဆည်းခြင်း၊ ပြန်လည်ရောင်းချခြင်းစသည်တို့ကို ဆောင်ရွက်ရန် ခွင့်ပြုခြင်း၊

(ဌ) စီမံကိန်းလုပ်ငန်းကြီးများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကြီးများအတွက် ပမာဏ ကြီးမားသည့် ချေးငွေကိစ္စရပ်များကို အဖွဲ့မှစိစစ်ပြီး လိုအပ်ပါက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တင်ပြဆောင်ရွက်ခြင်း။

၃။ မူအရ ဆုံးဖြတ်ခြင်းမပြုနိုင်သော ကိစ္စများပေါ်ပေါက်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၉ - ၁၁ - ၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၅ / ၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ